အတွက် အပြစ်မဆိုသာ၊ အများဆုံးနှင့် **အမြန်ဆုံး** တတ်မြောက်နိုင်သော နည်းလမ်းကိုသာ **အသီးအသီး** ရှာဖွေရပေမည်။]

၃။ တဖန် .... မိမိတို့ဘက်သို့ လှည့်၍ကြည့်ပြန်သော်.... အထိုက် အလျောက် အကြည်ညိုခံရသော ဆရာတော်ကြီးများလည်း သက်ရှယ်တော် ရင့်ညောင်း၍ ဘဝပြောင်းဘို့ အရေးနှင့် ဝေးကောင်းမှ ဝေးကြပေတော့မည်၊ ဤအတိုင်း သွားခဲ့ပါသော် ကျေးလက်ရော မြို့ပါ သာသနာ့အရေး စိတ်လေးစရာ ဖြစ်နေပါတော့သည်။

၄။ တဆင့် စဉ်းစားဘွယ်ရှိသေး၏၊ ဤသာသနာတော် အရှိန် မှေးမှိန်သော်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကား တိုးတက်မည်သာ ဖြစ်ပါမူ သာသနာတော်၏ ကံကြမ္မာကို သာသနာ့ဝန်ထမ်း ရဟန်းတော်တို့သာ ခံကြကိုပင် ဖြစ်ပါပေသည်၊ သို့သော် လက်တွေ့အားဖြင့် ထိုသို့ ဟုတ်နိုင်မည်မထင်ပါ၊ အနော်ရထာမင်းစော လက်ထက်မှစ၍ အရာရာ ယဉ်ကျေးမှု တိုးတက်ခြင်းသည် သာသနာတော်ကြောင့် ဖြစ်ရကား သာသနာတော် မှေးမှိန်လျှင် တိုင်းပြည်လည်း ကိုယ်ကျင့်မှစ၍ သေးသိမ်ဘို့လမ်းကသာ များနေပါသည်၊ သို့ဖြစ်လျှင် သာသနာရေးနှင့် တိုင်းပြည်အရေးကို သွေးခွဲသင့်ပါဦးမည်လော။

၅။ "သာသနာတော်၏ အရှိန်အဝါ ဩဇာအာဏာ ဆုတ်ယုတ်ခြင်းသည် နိုင်ငံတော် ဆုတ်ယုတ်ကြောင်းပင်